

# 2016
# 2017
# CITIZEN'S BUDGET

၂၀၁၆–၂၀၁၇ ခု၊ဘဏ္ဍာရေးနှစ်

# ရသုံးခန့်မှန်းခြေ
## ငွေစာရင်းဆိုင်ရာ
## အချက်အလက်များ



Design:Nyo Ko Naing ( Katha)

# ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်

# ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ

# (Citizen's Budget)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ထုတ်ဝေပါသည်။

# ဥယျောဇဉ်

၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ၁၉-၁-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်က အတည်ပြု၍ ယခင်နိုင်ငံတော်သမ္မတက ၂၅-၁-၂၀၁၆ ရက်နေ့တွင် လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေတွင် ဝန်ကြီးဌာန(၃၁)ခုဖြင့် ရေးဆွဲထားပြီး ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနများကို ၃၀-၃-၂၀၁၆ ရက်နေ့တွင် လျှော့ချဖွဲ့စည်းခဲ့သဖြင့် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ပြင်ဆင်ရန် လိုအပ်လာပါသည်။ သို့ဖြစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြင်ဆင်ရေးဆွဲပြီး ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေး အတည်ပြုနိုင်ရန် ပေးပို့ခဲ့ပါသည်။ အဆိုပါ ဥပဒေကြမ်းကို ၂၃-၈-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ်မြောက် ပြည်ထောင်စုလွှတ်တော် ဒုတိယအကြိမ်ပုံမှန်အစည်းအဝေးက အတည်ပြုခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ၃၁ - ၈ - ၂၀၁၆ ရက်နေ့တွင် လက်မှတ်ရေးထိုး ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။

နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေဆိုသည်မှာ ပြည်သူ့ဘဏ္ဍာများသာ ဖြစ်ပါသည်။ အစိုးရက ပြည်သူ့ကိုယ်စား ကိုင်တွယ်၍ စီမံခန့်ခွဲဆောင်ရွက်ရခြင်းသာ ဖြစ်ပါသည်။ ပြည်သူ့ဘဏ္ဍာငွေများကို သုံးစွဲရာတွင် အမှန်တကယ်အကျိုးဖြစ်ထွန်းရန်၊ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးမှုမှတဆင့် နိုင်ငံသူ၊ နိုင်ငံသားများသို့ အကျိုးဖြစ်ထွန်းမှု စီးဆင်းစေရန် အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ အနေဖြင့် ပြည်သူ့ဘဏ္ဍာငွေများကို မည်၍မည်မျှခွဲဝေရရှိကြောင်း၊ ပြည်သူလူထုသို့ ပွင့်လင်း မြင်သာမှုရှိစွာ အသိပေးလိုသည့်အတွက် "**၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ**" ကိုအခြေခံ၍ ဤစာစောင်ကို ပြုစုထုတ်ဝေရခြင်းဖြစ်ပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒရည်မှန်းချက်များ အောင်မြင်စေရန် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပိုမိုထိရောက်ကောင်းမွန်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိရောက်ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြစ်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိစေရန် ဤ Citizen's Budget စာစောင်ကို စဉ်ဆက်မပြတ် ထုတ်ဝေသွားမည်ဖြစ်ပြီး အခြားလိုအပ်သော စာစောင်များ၊ သတင်းအချက်အလက်များကိုလည်း ကြိုးပမ်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ဦးကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ( ၂၈ ) ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများတွင် ထုတ်ဝေလေ့ရှိသော စာစောင်များ | ၁ |
| ၂ | Citizen's Budget ဆိုတာဘာလဲ | ၂ |
| ၃ | ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ ဝေါဟာရများ | ၃-၄ |
| ၄ | ဘတ်ဂျက်စက်ဝန်း | ၅ |
| ၅ | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ( ၂၀၀၈ ခုနှစ် )တွင်ပါဝင်သည့် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်းသော ပြဋ္ဌာန်းချက်များ | ၆ |
| ၆ | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ( ၂၀၀၈ ခုနှစ် )တွင်ပါဝင်သည့် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့် ပြဋ္ဌာန်းချက်များ | ၇ |
| ၇ | နိုင်ငံတော်သမ္မတရုံး၏ ကြေငြာချက်အမှတ် (၆/၂၀၁၆)ဖြင့် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း | ၈ |
| ၈ | ဘဏ္ဍာရေးမူဝါဒ | ၉ |
| ၉ | နှစ်လတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framwork - MTFF) | ၁၀ |
| ၁၀ | ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲတင်ပြခြင်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအတည်ပြုခြင်း | ၁၁ |
| ၁၁ | တိုင်းဒေသကြီး / ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲတင်ပြခြင်းနှင့် တိုင်းဒေသကြီး / ပြည်နယ်များ၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအတည်ပြုခြင်း | ၁၂ |
| ၁၂ | ရသုံးခန့်မှန်းခြေငွေစာရင်း (Budget) ရေးဆွဲရာတွင် ဖြစ်ပေါ်နိုင်သည့် အခြေအနေ (၃)မျိုး | ၁၃ |
| ၁၃ | ဘတ်ဂျက်လိုငွေဖြည့်ဆည်းခြင်း | ၁၃ |
| ၁၄ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ GDP တန်ဖိုးများ နှင့် ပြည်ထောင်စု၏ ရငွေ၊ သုံးငွေ၊ လိုငွေများနှင့် GDP အချိုးများ | ၁၄ |
| ၁၅ | ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံး ခန့်မှန်းခြေများ | ၁၅ |
| ၁၆ | ၂၀၁၁-၂၀၁၂ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ အရအသုံး အခြေအနေ | ၁၆ |
| ၁၇ | ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရငွေရရှိနိုင်မှုရာခိုင်နှုန်းနှင့် အခွန်အကောက်ရငွေ (ခန့်မှန်းခြေ)၊ အခွန်အကောက်များ ကောက်ခံရန် လျာထားချက် | ၁၆-၁၈ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၈ | ၂၀၁၁-၂၀၁၂ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အထိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ နိုင်ငံတော်သို့ ပေးဆောင်/ထည့်ဝင်သည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေစာရင်း | ၁၈ |
| ၁၉ | ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအလိုက် အသုံးစရိတ်ရာခိုင်နှုန်း | ၁၉ |
| ၂၀ | သီးသန့်ရန်ပုံငွေ နှင့် ပြည်ထောင်စုက ထောက်ပံ့ငွေအသုံးစရိတ်များမှ ကောက်နုတ်ချက် | ၂၀ |
| ၂၁ | ၂၀၁၁-၂၀၁၂ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာရေးနှစ်အလိုက် ပညာရေးနှင့် ကျန်းမာရေးအတွက် တိုးမြှင့်သုံးစွဲမှုအခြေအနေ | ၂၀ |
| ၂၂ | ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ပညာရေးအသုံးစရိတ်မှ ကောက်နုတ်ချက် | ၂၁ |
| ၂၃ | ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ကျန်းမာရေးအသုံးစရိတ်မှ ကောက်နုတ်ချက် | ၂၁ |
| ၂၄ | ဘဏ္ဍာရေးနှစ်အလိုက် ပြည်ပအကူအညီရငွေနှင့် ချေးယူရငွေတို့ဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များ | ၂၂ |
| ၂၅ | ဘဏ္ဍာရေးနှစ်အလိုက် နိုင်ငံတော်၏ ပြည်တွင်းပြည်ပ ကြွေးမြီလက်ကျန် အခြေအနေ | ၂၂ |
| ၂၆ | နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ငွေကြေးစီမံခန့်ခွဲမှုအစီအစဉ် | ၂၃-၂၄ |
| ၂၇ | ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်သို့ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများ ကျပ်၁၀ဘီလီယံအထက် ပေးဆောင်/ထည့်ဝင်ရန် ခန့်မှန်းထားသည့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ | ၂၅ |
| ၂၈ | ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၂၆ |
| ၂၉ | ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အဖွဲ့အစည်းများနှင့်ဝန်ကြီးဌာနအလိုက် အရအသုံး အခြေအနေ | ၂၇-၂၈ |
| ၃၀ | ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အဖွဲ့အစည်းများနှင့်ဝန်ကြီးဌာနအလိုက် ပြည်ပ အကူအညီရငွေနှင့် ပြည်ပချေးယူရငွေတို့ဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များ | ၂၉ |
| ၃၁ | တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များ အရအသုံးအခြေအနေ | ၃၀-၃၃ |
| ၃၂ | တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများနှင့် ပတ်သက်သည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေများ | ၃၄ |
| ၃၃ | တွင်းထွက်သယံဇာတကဏ္ဍတွင် အခွန်ကောက်ခံမှု ပုံသဏ္ဍာန် | ၃၅ |

# ဘတ်ဂျက်ပွင့်လင်းမြင်သာမှု ရှိသည့် နိုင်ငံများတွင် ထုတ်ဝေလေ့ရှိသော စာစောင်များ

၁။ ဘတ်ဂျက်မရေးဆွဲမီ ဖော်ပြချက်

(Pre-Budget Statement)

၂။ အစိုးရအဖွဲ့မှ တင်ပြသည့် အဆိုပြုလွှာ

(Executive's Budget Proposal)

၃။ ဥပဒေပြဋ္ဌာန်းသည့် ဘတ်ဂျက်

(Enacted Budget)

**၄။ နိုင်ငံသားများအတွက် ဘတ်ဂျက်**

**(Citizen's Budget)**

၅။ နှစ်အတွင်းအစီရင်ခံစာ (သုံးလပတ်အစီရင်ခံစာ)

(In-Year Report)

၆။ ခြောက်လပတ်အစီရင်ခံစာ

(Mid-Year Reviews)

၇။ နှစ်ပတ်လည် အစီရင်ခံစာ

(Year End Report)

၈။ စာရင်းစစ်အစီရင်ခံစာ

(Audit Report)

ဤစာစောင်သည် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများနည်းတူ အစိုးရက ပြည်သူများ သိရှိစေရန် ထုတ်ပြန်ရမည့် စာစောင်(၈)စောင်အနက် တစ်စောင်အပါအဝင်ဖြစ်သော **နိုင်ငံသားများအတွက်ဘတ်ဂျက် (Citizen's Budget)** စာစောင်ဖြစ်ပါသည်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အနေဖြင့် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ဤစာစောင်အပါအဝင် ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေများ၊ စာစောင်များနှင့် အစီရင်ခံစာများကိုလည်း ဝန်ကြီးဌာန၏အင်တာနက်စာမျက်နှာ (www.mof.gov.mm)တွင် ဖော်ပြထုတ်ပြန်လျက်ရှိပါသည်။



# Citizen's 2016–2017 Budget

## Citizen's Budget ဆိုတာဘာလဲ...

Citizen's Budget ဆိုသည်မှာ နိုင်ငံတော်၏ ဘတ်ဂျက်လုပ်ငန်းစဉ်၊ မေခရို စီးပွားရေးအခြေအနေ၊ ဘဏ္ဍာရေးမူဝါဒ၊ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ဘဏ္ဍာရေးနှစ်အတွက်ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေ အခွန် အကောက်ရငွေ၊ စုစုပေါင်းအသုံးစရိတ်၊ ဘတ်ဂျက်လိုငွေ၊ ပြည်ပအကူအညီရငွေနှင့် ချေးငွေအခြေအနေ၊ ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်၊ ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး နှင့် ပြည်နယ်ဘတ်ဂျက် စသည်တို့သည် သာမန်ပြည်သူများ နားလည်ရန်ခက်ခဲသဖြင့် ရှင်းလင်းလွယ်ကူစွာ သိမြင်နိုင်စေရန် အနှစ်ချုပ်ပြုစုတင်ပြသည့် စာစောင်ပင်ဖြစ်ပါသည်။



# ရသုံးခန့်မှန်းခြေငွေစာရင်း

- ရသုံးခန့်မှန်းခြေငွေစာရင်း (Budget)
  - ရငွေ (Revenue)
    - သာမန်ရငွေ (Current Revenue)
    - ငွေလုံးငွေရင်းရငွေ (Capital Revenue)
    - ကြွေးမြီရငွေ (Financial Revenue)
  - သုံးငွေ (Expenditure)
    - သာမန်သုံးငွေ (Current Expenditure)
    - ငွေလုံးငွေရင်းသုံးငွေ (Capital Expenditure)
    - ကြွေးမြီသုံးငွေ (Financial Expenditure)

## ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ ဝေါဟာရကောက်နုတ်ချက်

**ရသုံးခန့်မှန်းခြေငွေစာရင်း(Budget)။** တစ်မျိုးသားလုံး၏စီမံကိန်းအရ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေစုစုပေါင်း မည်မျှရရှိ၍ ယင်းငွေများကို မည်သည့်ကဏ္ဍတွင် မည်သို့မည်ပုံသုံးစွဲမည်၊ ရင်းနှီးမြှုပ်နှံမည်စသဖြင့် နိုင်ငံတော် အဖွဲ့အစည်းများ၏ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို ငွေကြေးဖြင့် ပြုစုဖော်ပြသည့်စာရင်း ဖြစ်သည်။

**ဘဏ္ဍာရေးနှစ် (Fiscal Year- FY) ။** နှစ်စဉ် ဧပြီလ(၁)ရက်နေ့မှ မတ်လ(၃၁) ရက်နေ့အထိ ဖြစ်သည်။

**သာမန်ရငွေ (Current Revenue) ။** သာမန်ရငွေတွင် အောက်ပါရငွေများပါဝင်သည်-

၁။ ပစ္စည်းများရောင်းချခြင်းနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ဒဏ်ငွေများနှင့်အခြားရငွေများဖြစ်သည့် သာမန်ရငွေများ၊

၂။ တည်ဆဲဥပဒေအရ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများက စီမံကြီးကြပ်ကောက်ခံပေးရသည့် အခွန်အကောက်ငွေများ၊

၃။ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ရရှိသော အတိုးရငွေများ၊

၄။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ နိုင်ငံတော်သို့ထည့်ဝင်ငွေအဖြစ် ပေးသွင်းရသည့် ထည့်ဝင်ငွေများ၊

၅။ သာမန်အသုံးစရိတ်အတွက် ရရှိသော ပြည်ပအကူအညီရငွေများ။

**သာမန်သုံးငွေ (Current Expenditure)။** သာမန်သုံးငွေတွင် အောက်ပါအသုံးစရိတ်များပါဝင်သည်-

၁။ နှစ်စဉ်ကုန်ကျရသည့် လစာစရိတ်ချီးမြှင့်ငွေ၊ ခရီးသွားလာစရိတ်၊ ပစ္စည်းများလုပ်အားနှင့် ဆောင်ရွက်ပေးမှုအတွက် ကုန်ကျစရိတ်၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ လွှဲပြောင်းသုံးစွဲငွေများ၊ ဧည့်ခံကျွေးမွေးစရိတ်၊ သီးသန့်အသုံးစရိတ်များ၊

၂။ ပင်စင်လစာငွေများ၊ ဆုငွေများနှင့် တစ်လုံးတည်းပင်စင်ငွေများ၊

၃။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအတွက် ကုန်ကြမ်းဝယ်ယူခြင်း၊ ကုန်ထုတ်လုပ်မှုစရိတ်/ လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ စီမံနှင့်သုတေသနစရိတ်၊ ရောင်းချဖြန့်ဖြူးမှုစရိတ်၊ ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများ၊

၄။ နိုင်ငံခြားအသင်းအဖွဲ့များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ နှစ်စဉ်ကြေးပေးသွင်းခြင်းများနှင့် ပြည်တွင်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေများ၊ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များနှင့် စည်ပင်သာယာရေးအဖွဲ့များသို့ ထောက်ပံ့ငွေများ၊

၅။ ငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ်များအပေါ်တွင် ပေးချေရသော ပြည်တွင်းအတိုးပေးငွေများနှင့် ပြည်ပကြွေးမြီပေါ်တွင် ပေးချေရသော အတိုးငွေများ။

**ငွေလုံးငွေရင်းရငွေ (Capital Revenue)။** ငွေလုံးငွေရင်းရငွေတွင် အောက်ပါရငွေများပါဝင်သည်-

၁။ မတည်ပစ္စည်းများကို ပြန်လည်ရောင်းချခြင်း၊ ဖျက်သိမ်းလိုက်သော ဌာနအဖွဲ့အစည်းများ၏ သီးသန့်ရန်ပုံငွေများ လက်ခံရရှိခြင်းနှင့် မတည်အသုံးစရိတ်မှ ငွေပင်ငွေရင်းများပြန်လည်ရရှိသည့် ရငွေများ၊

၂။ ငွေလုံးငွေရင်းအသုံးစရိတ်အတွက် ရရှိသော ပြည်ပအကူအညီရငွေများ။

**ငွေလုံးငွေရင်းသုံးငွေ(Capital Expenditure)။** ငွေလုံးငွေရင်းသုံးငွေတွင် အောက်ပါအသုံးစရိတ်များ ပါဝင်ပါသည်–

၁။ လုပ်ငန်းစီမံကိန်းများချမှတ်၍ ငွေပင်ငွေရင်း မြှုပ်နှံလုပ်ကိုင်ရသည့်ကုန်ကျစရိတ်များ၊ (ဥပမာ- စက်ရုံ၊ ကျောင်း၊ ဆေးရုံ၊ အဆောက်အဦများဆောက်လုပ်ခြင်း၊ လမ်းတံတားနှင့်ဆည်မြောင်းများတည်ဆောက်ခြင်းစသည့် တည်ဆောက်ရေးလုပ်ငန်းများ)

၂။ လက်ရှိ ရှိပြီးမတည်ပစ္စည်း၊ လမ်း၊ အဆောက်အဦ၊ ဆည်မြောင်း စသည်တို့အား တိုးတက်ကောင်းမွန်လာစေရန် ထပ်လောင်းဖြည့်စွက်သည့် ကုန်ကျစရိတ်များ၊

၃။ စက်ရုံအလုပ်ရုံများအတွက် စက်ပစ္စည်းများဝယ်ယူခြင်း၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ်နှင့် မီးရထားစက်ခေါင်းများ၊ လှူစီးတွဲများ စသည်တို့ဝယ်ယူခြင်း၊

၄။ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ ရုံးသုံးယာဉ်များနှင့် အခြားရုံးသုံးပစ္စည်းများဝယ်ယူခြင်းတို့အတွက် ကုန်ကျစရိတ်များ၊

၅။ စက်တပ်ဆင်စရိတ်စကများ၊ မြေလျော်ကြေးများစသော အခြားအသုံးစရိတ်များအတွက် ကုန်ကျစရိတ်များ။

**ကြွေးမြီရငွေ (Financial Revenue)။** ကြွေးမြီရငွေတွင် အောက်ပါရငွေများ ပါဝင်သည်–

၁။ ပြည်တွင်းမှ ချေးယူငွေအတွက်ရငွေများ၊

၂။ ပြည်ပမှ ချေးယူငွေအတွက် ရငွေများ၊

၃။ အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေများ၊

၄။ စုဆောင်းငွေများ။

**ကြွေးမြီသုံးငွေ (Financial Expenditure)။** ကြွေးမြီသုံးငွေတွင် အောက်ပါအသုံးစရိတ်များ ပါဝင်သည်–

၁။ ပြည်တွင်းကြွေးမြီ ပြန်လည်ပေးဆပ်ခြင်းအတွက်အသုံးစရိတ်၊

၂။ ပြည်ပကြွေးမြီ ပြန်လည် ပေးဆပ်ခြင်းအတွက် အသုံးစရိတ်၊

၃။ အဖွဲ့အစည်းများတွင် ရင်းနှီးငွေ(ငွေကြေးအဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံထားမည့်အသုံးစရိတ်)၊

၄။ စုဆောင်းငွေများ(ငွေစုလက်မှတ်များဖြင့် စုဆောင်းငွေအပေါ် ပြန်ထုတ်ငွေများ)။

**မူလခန့်မှန်းခြေ Budget Estimate (BE)။** ဘဏ္ဍာရေးနှစ်မတိုင်မီ(၆)လခန့်မှစတင်၍ ကြိုတင်ခန့်မှန်းထားသော ရငွေ၊ သုံးငွေများစာရင်းဖြစ်ပါသည်။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများဖြင့်အတည်ပြု ပြဋ္ဌာန်းသည်။

**ဖြည့်စွက်ခွင့်ပြုငွေ Supplementary Grant (SG)။** အသုံးစရိတ်တစ်ခုအတွက် မူလခွဲဝေချထားငွေဖြင့် မလုံလောက်၍ဖြစ်စေ၊ အခြားငွေစာရင်းခေါင်းစဉ်တစ်ခုခုမှ လွှဲပြောင်းသုံးစွဲရန် ပိုလျှံငွေမရှိ၍ဖြစ်စေ သို့မဟုတ် အသုံးစရိတ်အသစ်တစ်ခုအတွက် မူလခွဲဝေချထားငွေလုံးဝမရှိ၍ဖြစ်စေ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် ထပ်မံသတ်မှတ်ပေးသည့် ရန်ပုံငွေကို ခေါ်ပါသည်။

**ပြုပြင်ပြီးခန့်မှန်းခြေ Revised Estimate (RE)။** လက်ရှိဘဏ္ဍာရေးနှစ်အတွင်းအသုံးစရိတ်ပိုင်းတွင် မူလခွင့်ပြုငွေအပြင် ဖြည့်စွက်ခွင့်ပြုငွေ ထပ်မံရရှိခြင်းကြောင့်လည်းကောင်း၊ မူလခွင့်ပြုရန်ပုံငွေများကို အမှန်တကယ်သုံးစွဲရာ၌ မသုံးစွဲဖြစ်သည့်အတွက် လျော့နည်းသွားသော ရန်ပုံငွေများကြောင့်လည်းကောင်း၊ ရငွေပိုင်းတွင်မူလလျာထားငွေထက်ပိုမိုရရှိခြင်း(သို့မဟုတ်) လျော့နည်းရရှိခြင်းတို့ကြောင့်လည်းကောင်း ပြုပြင်ပြောင်းလဲသွားသည့် ခန့်မှန်းခြေစာရင်းဖြစ်ပါသည်။ အသုံးစရိတ်တွင် (RE = BE + SG – လျော့နည်းသုံးစွဲငွေ) ဖြစ်ရပါမည်။

**ယာယီအမှန်စာရင်း Temporary Actual (TA)။** ဘဏ္ဍာရေးနှစ်အတွင်း လစဉ်၊ သုံးလပတ်၊ ခြောက်လပတ် နှင့် နှစ်ပတ်လည်ကာလအလိုက် ရရှိသည့်ရငွေများနှင့် ထုတ်ယူသုံးစွဲပြီးသည့် အသုံးစရိတ်များကို သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်အလိုက် ပြုစုထားသောစာရင်းဖြစ်ပါသည်။ စာရင်းစစ်ဆေး အတည်မပြုရသေးသည့် စာရင်းဖြစ်ပါသည်။

**ရှေ့ပြေးအမှန်စာရင်း Provisional Actual (PA)။** ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း အတည်ပြုပြီးသည့်နောက်ပိုင်း လုပ်ငန်းလိုအပ်ချက်အရ အထွေထွေပိုလျှံရန်ပုံငွေ General Reserve Fund (GRF)နှင့် သီးသန့်ရန်ပုံငွေ (Reserve Fund)များမှ ထပ်မံခွင့်ပြုသည့် ရန်ပုံငွေများကြောင့်လည်းကောင်း၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးခါနီးတွင် မူလခွင့်ပြုငွေမှ မသုံးစွဲဖြစ်၍ ပိုလျှံငွေပြန်လည် အပ်နှံခြင်းကြောင့်လည်းကောင်း၊ မူလခွင့်ပြုငွေဘောင်အတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းကြောင့် လည်းကောင်း ဖြစ်ပေါ်လာသည့်စာရင်း ဖြစ်ပါသည်။ PA = RE + GRF – Surrender (ပိုလျှံငွေပြန်အပ်ခြင်း)။ အသုံးစရိတ်သည် BE + SG + GRF + သီးသန့်ရန်ပုံငွေ ထက်မပိုရပါ။ (သီးသန့်ရန်ပုံငွေရရှိပါက ပေါင်းရမည်။)

**အမှန်စာရင်း Actual (A)။** ရှေ့ပြေးအမှန်စာရင်း ဖြစ်ပေါ်ပြီးနောက် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် အမှန်တကယ် ရရှိသည့်ငွေနှင့် အမှန်တကယ်သုံးစွဲပြီးသည့်အသုံးစရိတ်များကို ဘဏ်စာရင်းဖြင့်ကိုက်ညှိအတည်ပြုပြီးသောစာရင်းဖြစ်ပါသည်။ စာရင်းစစ်ဆေး အတည်ပြုပြီးသော စာရင်းဖြစ်ပါသည်။

# ဘတ်ဂျက်စက်ဝန်း (Budget Cycle)




## ဘတ်ဂျက်စက်ဝန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ

| | | |
|---|---|---|
| ၁။ | မူဝါဒကို အခြေခံ၍ နှစ်လတ်ဘဏ္ဍာရေးမူဘောင် တည်ဆောက်ခြင်း | - စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၂။ | ဘတ်ဂျက်ရေးဆွဲစိစစ်တင်ပြခြင်း | - စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန<br>- ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ |
| ၃။ | ဥပဒေကြမ်းကို ထောက်ခံတင်ပြခြင်း | - ဘဏ္ဍာရေးကော်မရှင်<br>- ပြည်ထောင်စုအစိုးရအဖွဲ့ |
| ၄။ | ဥပဒေ အတည်ပြုပြဋ္ဌာန်းခြင်း | - ပြည်ထောင်စုလွှတ်တော် |
| ၅။ | ဘတ်ဂျက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | - ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ<br>- စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၆။ | ကြီးကြပ်ခြင်း၊ အစီရင်ခံစာတင်ပြခြင်း၊ စာရင်းစစ်ဆေးခြင်း | - ပြည်ထောင်စုလွှတ်တော်<br>- ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး<br>- စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန<br>- ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)တွင် ပါဝင်သည့် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်းသော ပြဋ္ဌာန်းချက်များ

**ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်–**

၁၀၀။ (ခ) ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ **နှစ်စဉ် အရအသုံး ခန့်မှန်းခြေငွေစာရင်း** နှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

၁၀၂။ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးခြင်း မပြုမီ အသေးစိတ် လေ့လာစိစစ်ရန် လိုအပ်ပါက ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီတို့အား ပူးပေါင်းလေ့လာ စိစစ်စေခြင်း၊ ယင်းပူးပေါင်း ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေခြင်းတို့ကို ပြုနိုင်သည်။

၁၀၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြရမည်၊

(ခ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင်ပါရှိသော –

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊စရိတ်နှင့် ယင်း အဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၂) ပြည်ထောင်စုက ပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊ ပြည်ထောင်စုက ချေးယူငွေများနှင့် ဆက်နွယ်သော အခြား ကုန်ကျစရိတ်များ၊

(၃) တရားရုံး သို့မဟုတ် ခုံရုံး တစ်ရုံးရုံး၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန် ရှိသော အသုံးစရိတ်များ၊

(၄) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာစာချုပ် တစ်ခုခုအရ ဖြစ်စေ ကျခံရမည့် အခြား အသုံးစရိတ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်း မပြုရ။

(ဂ) ပုဒ်မခွဲ(ခ) ပါ အသုံးစရိတ်များမှအပ အခြားအသုံးစရိတ်များအတွက်ကိုမူ ပြည်ထောင်စု လွှတ်တော်က သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်၊

(ဃ) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအတိုင်း ပြည်ထောင်စု အစိုးရအဖွဲ့က လိုအပ်သလို ဆောင်ရွက်ရမည်၊

(င) ပြည်ထောင်စုလွှတ်တော်က သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ လျာထားသောရငွေများနှင့် ခွင့်ပြု ထားသော သုံးငွေများအပြင် နောက်ထပ် ရငွေများ လျာထားရန်နှင့် သုံးငွေများ ခွင့်ပြုရန် လိုအပ်သည့်အခါ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို အထက်ပါ နည်းလမ်းများအတိုင်း ပြဋ္ဌာန်းဆောင်ရွက်ရမည်၊

(စ) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေပါအတိုင်း ပြည်ထောင်စု အစိုးရ အဖွဲ့က လိုအပ်သလို ဆောင်ရွက်ရမည်။

၂၁၂။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ခုနှင့်တစ်ခုအကြား နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာကိစ္စရပ်များမှအပ ချက်ချင်းအရေးယူဆောင်ရွက်ရန် လိုအပ်သောအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ အတွက် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကို ထုတ်ပြန်ခွင့်ရှိသည်၊

၂၂၁။ ပြည်ထောင်စုအစိုးရသည် ဘဏ္ဍာရေးကော်မရှင်နှင့်ညှိနှိုင်းရရှိသည့်ပြည်ထောင်စု၏ နှစ်စဉ် အရအသုံး ခန့်မှန်းခြေငွေစာရင်း ကို အခြေပြုလျက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ရေးဆွဲ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်အညီ ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်း အတည်ပြုချက် ရယူရမည်။

၂၂၂။ ပြည်ထောင်စုအစိုးရသည် မိမိတင်သွင်းသည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခြင်းမပြုနိုင်လျှင် ပြည်ထောင်စု လွှတ်တော်က နောက်ဆုံး ပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သာမန်အသုံးစရိတ် ခွင့်ပြုချက် ဘောင်အတွင်း သုံးစွဲခွင့်ရှိသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် ပါဝင်သည့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် ဘဏ္ဍာရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့် ပြဋ္ဌာန်းချက်များ

**ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း**

၂၂၉။ (က) ဘဏ္ဍာရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (၂) | ဒုတိယသမ္မတများ | ဒုတိယဥက္ကဋ္ဌများ |
| (၃) | ပြည်ထောင်စုရှေ့နေချုပ် | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုစာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် ပြည်နယ်ဝန်ကြီးချုပ်များ | အဖွဲ့ဝင် |
| (၆) | နေပြည်တော်ကောင်စီဥက္ကဋ္ဌ | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီး | အတွင်းရေးမှူး |

(ခ) (၁) ဘဏ္ဍာရေးကော်မရှင်ကို ဖွဲ့စည်းသည့်အခါ အဖွဲ့ဝင်အဖြစ် ထမ်းဆောင်ရမည့် ရာထူးနေရာတွင် အကြောင်းတစ်စုံတစ်ရာကြောင့် တာဝန်ပေးအပ်ခြင်းခံရသူ မရှိသေးပါက နိုင်ငံတော်သမ္မတသည် ထိုနေရာအတွက် သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ယာယီအဖွဲ့ဝင်အဖြစ် တာဝန် ပေးအပ်နိုင်သည်၊

(၂) ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းကို နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေညာရမည်။ ထို့ပြင် ဘဏ္ဍာရေးကော်မရှင်အတွက်လိုအပ်သော အမိန့်၊ ညွှန်ကြားချက် စသည်များကိုလည်း နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ထုတ်ပြန် ကြေညာနိုင်သည်။

**ဘဏ္ဍာရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်**

၂၃၀။ (က) ပြည်ထောင်စုဝန်ကြီးဌာနများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယသမ္မတ တစ်ဦးက ဦးဆောင်စိစစ်၍ ပြည်ထောင်စုဝန်ကြီး ဌာနများအပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အရအသုံးငွေစာရင်း လျာထားချက်ကို ဘဏ္ဍာရေး ကော်မရှင်သို့ တင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ကျန်ဒုတိယသမ္မတတစ်ဦးက ဦးဆောင်စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးငွေစာရင်း လျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမည်။

(ဂ) ဘဏ္ဍာရေးကော်မရှင်သည်-

(၁) ပြည်ထောင်စုနယ်မြေ အသုံးစရိတ်များပါရှိသော ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ် အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများ ခွင့်ပြုခြင်း အပါအဝင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေ သုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်သို့ ထောက်ခံတင်ပြရမည်၊

(၂) ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်သင့်သည့်ကိစ္စများကို အကြံပြုနိုင်ရေးအတွက် ဆောင်ရွက် ရမည်၊

(၃) ခိုင်မာသော ဘဏ္ဍာရေးစနစ် ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ တာဝန်ပေးအပ်သည့် ကိစ္စရပ်များကို ဆောင်ရွက်ရမည်။

(ဃ) ဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်တင့် လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စ တစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ လိုအပ်မည့် ချေးငွေများ ထုတ်ချေးခြင်းတို့ပါဝင်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ ထံသို့ ထောက်ခံတင်ပြရမည်။

(င) ဘဏ္ဍာရေးကော်မရှင်သည် လိုအပ်ပါက ဘဏ္ဍာရေးကျွမ်းကျင်သူများ၏ အကြံဉာဏ်များကို ရယူ နိုင်သည်။

# နိုင်ငံတော်သမ္မတရုံး၏ ကြေငြာချက်အမှတ် (၆/၂၀၁၆)ဖြင့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ (၅)ရက်နေ့ ကြေငြာချက်အမှတ် (၆/၂၀၁၆)ဖြင့် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂၉၊ ပုဒ်မခွဲ (က)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက်များအရ ဘဏ္ဍာရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပါသည်-

| | | | |
|---|---|---|---|
| (၁) | ဦးထင်ကျော် | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (၂) | ဦးမြင့်ဆွေ | ဒုတိယသမ္မတ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးဟင်နရီဗန်ထီးယူ | ဒုတိယသမ္မတ | ဒုတိယဥက္ကဋ္ဌ |
| (၄) | ဦးထွန်းထွန်းဦး | ပြည်ထောင်စုရှေ့နေချုပ် | အဖွဲ့ဝင် |
| (၅) | ဦးမော်သန်း | ပြည်ထောင်စုစာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (၆) | ဒေါက်တာခက်အောင် | ဝန်ကြီးချုပ်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၇) | ဦးအယ်လ်ဖောင်းရှို | ဝန်ကြီးချုပ်၊ ကယားပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၈) | ဒေါ်နန်းခင်ထွေးမြင့် | ဝန်ကြီးချုပ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၉) | ဦးဆလိုင်းလျန်လွယ် | ဝန်ကြီးချုပ်၊ ချင်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာမြင့်နိုင် | ဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာလဲ့လဲ့မော် | ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၂) | ဦးဝင်းသိန်း | ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၃) | ဒေါက်တာအောင်မိုးညို | ဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာဇော်မြင့်မောင် | ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၅) | ဦးမင်းမင်းဦး | ဝန်ကြီးချုပ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၆) | ဦးညီပု | ဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၇) | ဦးဖြိုးမင်းသိန်း | ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၈) | ဒေါက်တာလင်းထွဋ် | ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၉) | ဦးမန်းဂျော်နီ | ဝန်ကြီးချုပ်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၂၀) | ဒေါက်တာမျိုးအောင် | ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၂၁) | ဦးကျော်ဝင်း | ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

# ဘဏ္ဍာရေးမူဝါဒ

## အခွန်မူဝါဒ

(၁) တည်ဆဲဥပဒေများနှင့်အညီ ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝ ကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၂) ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေပြီး အထောက်အကူ ဖြစ်စေသော မျှတသည့် အခွန်စနစ် ဖြစ်ထွန်း ပေါ်ပေါက်စေရန်၊

(၃) အမျိုးသားစီးပွားရေးရှည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးတည်ငြိမ်မှုရရှိစေရေး အတွက် စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်၊

(၄) သဘာဝပတ်ဝန်းကျင်နှင့်တွင်းထွက်သယံဇာတများ ထိန်းသိမ်းရေးနှင့်ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်။

## အသုံးစရိတ်မူဝါဒ

(၁) ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဆက်လက်တိုးမြှင့်သုံးစွဲရန်၊

(၂) ပြည်သူလူထုကို ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေး သုံးစွဲရန်၊

(၃) ဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်အပ်မှုများ စနစ်တကျစိစစ်ခွင့်ပြုရန်၊

(၄) စီမံကိန်းများအားဦးစားပေးအဆင့်ခွဲခြား၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) ပစ္စည်းဝယ်ယူမှုများအား ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ရန်၊

(၆) ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးတို့အတွက် ဦးစားပေးသုံးစွဲရန်။

# နှစ်လတ်ဘဏ္ဍာရေးမူဘောင်

# (Medium Term Fiscal Framework- MTFF)

ဘတ်ဂျက်ရေးဆွဲရာတွင် ယခင်နှစ်များ၏ ရငွေ၊ သုံးငွေများကို အခြေခံရေးဆွဲခြင်းသာမက လာမည့်နှစ်များအတွက်ကြိုတင်ခန့်မှန်းခြင်းသည်လည်း အရေးကြီးပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် လာမည့်ဘဏ္ဍာရေးနှစ်(၃)နှစ်အတွက် ရငွေနှင့် အသုံးစရိတ်များကို ခန့်မှန်းတွက်ချက်ရန် နှစ်လတ်ဘဏ္ဍာရေးမူဘောင်(MTFF)ကို ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကမ္ဘာ့ဘဏ်၏ နည်းပညာအကူအညီဖြင့် စတင်စမ်းသပ်ကျင့်သုံးခဲ့ပါသည်။ ပြီးခဲ့သောဘဏ္ဍာရေးနှစ်၏ ရငွေ၊သုံးငွေများအပေါ်အခြေခံပြီး လက်ရှိနှစ်အတွက် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ ချမှတ်ထားသောမူဝါဒများ၊ ဦးစားပေးအစီအစဉ်များနှင့် ချိတ်ဆက်၍ နှစ်လတ်ဘဏ္ဍာရေးမူဘောင် (MTFF) ကို ခန့်မှန်းရေးဆွဲပါသည်။

## ရည်ရွယ်ချက်

(က) ဘဏ္ဍာငွေအရအသုံးစာရင်းများတွင် မူလလျာထားချက်နှင့် အမှန်စာရင်းများ ကွာဟနေမှုကို ပိုမိုနီးစပ်စွာ ခန့်မှန်းနိုင်ရန်၊

(ခ) ရရှိနိုင်မည့် အရင်းအမြစ်စုစုပေါင်းပမာဏအား ကြိုတင်ခန့်မှန်းပြီး ၎င်းအပေါ်မူတည်၍ ဌာနအဖွဲ့အစည်းများသို့ အသုံးစရိတ်များအား ထိရောက်စွာ ခွဲဝေချထားပေးရန်၊

(ဂ) ဌာနအဖွဲ့အစည်းများသို့ အသုံးစရိတ်ဘောင်ချမှတ်ပေးခြင်းဖြင့် အရင်းအမြစ် ခွဲဝေမှုဆိုင်ရာ မဟာဗျူဟာ (Strategic Resource Allocation) ပိုမိုတိုးတက်ကောင်းမွန်စေရန်၊

(ဃ) မူဝါဒအပေါ်အခြေခံ၍ ဘတ်ဂျက်ရေးဆွဲရာတွင် အောက်ခြေမှ အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ စီမံကိန်းရေးဆွဲ တင်ပြခြင်းနှင့် အထက်မှအောက်သို့ ဘတ်ဂျက်ချမှတ်ပေးမှုအရ အဆင့်ဆင့်အကောင်အထည်ဖော်နိုင်ခြင်းတို့ကို ပေါင်းစပ်ကျင့်သုံးနိုင်ခြင်းဖြင့် နိုင်ငံတကာတွင် ကျင့်သုံးနေသည့်နည်းစနစ်များနှင့်အညီ ဖြစ်စေရန်။

| MTFF ကို ရေးဆွဲရာတွင် အသုံးပြုသည့် မေခရိုစီးပွားရေးညွှန်ကိန်းများ | | | |
|---|---|---|---|
| ၁ | Real GDP တိုးတက်မှုနှုန်း<br>(Real GDP Growth Rate) | ၅ | နိုင်ငံခြားငွေလဲလှယ်မှုနှုန်း<br>(Exchange Rate) |
| ၂ | Nominal GDP ပြောင်းလဲမှုနှုန်း<br>(Nominal GDP Growth Rate) | ၆ | ငွေတိုက်စာချုပ် အတိုးနှုန်း<br>(Interest Rate of Treasury Bonds) |
| ၃ | Nominal GDP<br>(Nominal GDP) | ၇ | ငွေတိုက်လက်မှတ် အတိုးနှုန်း<br>(Interest Rate of Treasury Bills) |
| ၄ | ငွေကြေးဖောင်းပွမှုနှုန်း<br>(Inflation) | ၈ | သွင်းကုန်တိုးတက်မှုနှုန်း<br>(Import Growth Rate) |

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ လိုငွေဖြည့်ဆည်းပေးနိုင်ရေးအတွက်ကိုလည်း နှစ်လတ်ဘဏ္ဍာရေးမူဘောင် (MTFF) ဖြင့် ခန့်မှန်းတွက်ချက်ပါသည်။

| တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များ၏ လိုငွေဖြည့်ဆည်းပေးမည့် ခန့်မှန်းခြေကို တွက်ချက်ရာတွင် အသုံးပြုသည့် မေခရိုစီးပွားရေးညွှန်ကိန်းများ | | | |
|---|---|---|---|
| ၁ | စုစုပေါင်းလူဦးရေ<br>(Total Population) | ၄ | တစ်ဦးကျအခွန်ကောက်ခံမှု<br>(Per Capita Tax Collection) |
| ၂ | ဆင်းရဲမှုညွှန်ကိန်း<br>(Poverty Index) | ၅ | လူတစ်ဦးစီ၏ပြမ်းမျှအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး<br>(Per Capita GDP) |
| ၃ | မြေဧရိယာအကျယ်အဝန်း<br>(Area) | ၆ | တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေတွင် မြို့ပြလူဦးရေ ပါဝင်မှုအချိုး<br>(Urban Population as Percent of Total State Population) |

***နှစ်လတ်ဘဏ္ဍာရေးမူဘောင် (MTFF) တွက်ချက်ရာတွင် လိုငွေနှင့်ဂျီဒီပီအချိုးကို ၅% ထက်မကျော်လွန်စေရန် ထိန်းသိမ်းထားရှိပြီး တွက်ချက်ရေးဆွဲပါသည်။***

# ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲတင်ပြခြင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ အတည်ပြုခြင်း

| | | အချိန်ကာလ |
|---|---|---|
| ၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများသို့ သုံးငွေဘောင်သတ်မှတ်ချက်များ ပေး၍ အဆိုပြုလျာထားချက်များ တောင်းခံသည်။ | | ၁။ စက်တင်ဘာပထမပတ်<br>အောက်တိုဘာလပထမပတ် |
| ၂။ အဆိုပြု လျာထားချက်များအပေါ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက သာမန်အသုံးစရိတ်၊ စက်ပစ္စည်းဝယ်ယူမှု အသုံးစရိတ်နှင့် အခြားအသုံးစရိတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ရေး အသုံးစရိတ်များကို ပဏာမစိစစ်သည်။ | | ၂။ အောက်တိုဘာလပထမပတ်မှ အောက်တိုဘာလစတုတ္ထပတ်အထိ |
| ၃။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက သာမန်အရ/အသုံး၊ ငွေလုံးငွေရင်း အရ/အသုံးနှင့် ကြွေးမြီ အရ/အသုံး တို့ကို အသေးစိတ် ထပ်မံစိစစ်သည်။ | | ၃။ အောက်တိုဘာလစတုတ္ထပတ်မှ နိုဝင်ဘာလတတိယပတ်အထိ |
| ၄။ စိစစ်ပြီး အရ/အသုံး ငွေစာရင်းများကို စုစည်းပေါင်းချုပ်၍ ဒုတိယသမ္မတက စိစစ်သည်။ | | ၄။ နိုဝင်ဘာလစတုတ္ထပတ် |
| ၅။ ဒုတိယသမ္မတက စိစစ်ပြီးနောက် ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြသည်။ | | ၅။ ဒီဇင်ဘာလ ဒုတိယပတ် |
| ၆။ ဘဏ္ဍာရေးကော်မရှင်ကအတည်ပြုထောက်ခံပါက ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေအရ နှစ်စဉ် ဇန်နဝါရီလ ၁၅ ရက်နေ့ မတိုင်မီ တင်သွင်းသည်။ |  | ၆။ ဇန်နဝါရီလ ၁၅ ရက်နေ့မတိုင်မီ |
| ၇။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က စိစစ်ရန် တာဝန်ပေးအပ်ခြင်းခံရသော သက်ဆိုင်ရာကော်မတီများသည် စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ် ဇန်နဝါရီလ ၃၀ ရက်နေ့မတိုင်မီ တင်ပြသည်။ |  | ၇။ ဇန်နဝါရီလ ၃၀ ရက်နေ့မတိုင်မီ |
| ၈။ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသည် ဥပဒေကြမ်းကို စိစစ်ပြီး ငွေကြေးဆိုင်ရာသုံးသပ်ချက်ကို လည်းကောင်း ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ဥပဒေကြမ်းကို စိစစ်ပြီး ဥပဒေဆိုင်ရာသုံးသပ်ချက်ကိုလည်းကောင်း ဖေဖော်ဝါရီလ ၁၅ ရက်နေ့ မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။ |  | ၈။ ဖေဖော်ဝါရီလ၁၅ရက်နေ့မတိုင်မီ |
| ၉။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၁ အရ နာယကက သတ်မှတ်သောနေ့ရက်နှင့်အချိန်တွင် ယင်းဥပဒေကြမ်းတင်သွင်းသည့် ပုဂ္ဂိုလ်က လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သည့်အတိုင်း ပြင်ဆင်ထားသည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုရန် အဆိုတင်သွင်းပြီး လွှတ်တော်၏အဆုံးအဖြတ် ရယူသည်။ |  | ၉။ နာယက ကသတ်မှတ်သော နေ့ရက်နှင့် အချိန် |
| ၁၀။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ပြဋ္ဌာန်းသည်။ | | ၁၀။ မတ်လ ၃၁ ရက်နေ့မတိုင်မီ |

# တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲတင်ပြခြင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ အတည်ပြုခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ထောင်စုအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးမည့် ဘောင်ကိုသတ်မှတ်၍ ဘတ်ဂျက် အဆိုပြု လျာထားချက်များ တောင်းခံသည်။( **စက်တင်ဘာလ ဒုတိယပတ်**)




၂။ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ အဆိုပြုလျာထားချက်များကို တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များ၏ အတည်ပြုချက်ဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့သည်။ **(နိုဝင်ဘာလ ဒုတိယပတ် )**




၃။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ရောက်ရှိလာသော တိုင်းဒေသကြီး/ ပြည်နယ်များ၏ အဆိုပြုလျာထားချက်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပဏာမစိစစ်သည်။ **(နိုဝင်ဘာလ တတိယပတ် )**




၄။ လိုအပ်ချက်များကို စိစစ်ပြီးနောက် ဒုတိယသမ္မတထံ တင်ပြသည်။

**(နိုဝင်ဘာလ စတုတ္ထပတ် )**

PRESIDENT OFFICE

၅။ ဒုတိယသမ္မတက စိစစ်အတည်ပြုပြီးနောက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လိုငွေအတွက်ဖြည့်ဆည်းပေးရမည့်ပမာဏနှင့်အထူးကိစ္စရပ်များအတွက် ထောက်ပံ့ ပေးရမည့်ပမာဏ တို့ကိုဖော်ပြ၍ ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြသည်။

**( ဒီဇင်ဘာလ ဒုတိယပတ်)**





၆။ ဘဏ္ဍာရေးကော်မရှင်က အတည်ပြုထောက်ခံ၍ ပေးပို့သော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြု သည့်အခါ တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့က တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်သို့ တင်သွင်းသည်။ **(ပြည်ထောင်စု ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးနောက်ပိုင်း)**



၇။ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွင် ဥပဒေနှင့်အညီ ဆွေးနွေး အတည်ပြုပြီးသည့်အခါ တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ပြဋ္ဌာန်း သည်။ **(တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်မှ အတည်ပြုပြီးနောက်ပိုင်း)**



# ရသုံးခန့်မှန်းခြေငွေစာရင်း(Budget) ရေးဆွဲရာတွင် ဖြစ်ပေါ်နိုင်သည့် အခြေအနေ (၃)မျိုး

၁။ ရငွေ သည် သုံးငွေထက် များပါက ပိုငွေပြ ရသုံးခန့်မှန်းခြေငွေစာရင်း (Surplus Budget)




၂။ သုံးငွေ သည် ရငွေထက် များပါက လိုငွေပြရသုံးခန့်မှန်းခြေငွေစာရင်း (Deficit Budget)




၃။ ရငွေ နှင့် သုံးငွေ ညီမျှပါက ဘက်ညီရသုံးခန့်မှန်းခြေငွေစာရင်း (Balanced Budget)




မြန်မာနိုင်ငံ၏ ရသုံးခန့်မှန်းခြေငွေစာရင်း (Budget) မှာ လိုငွေပြ ရသုံးခန့်မှန်းခြေငွေစာရင်း (Deficit Budget) ဖြစ်သည်။

## ဘတ်ဂျက်လိုငွေဖြည့်ဆည်းခြင်း

၁။ အစိုးရငွေတိုက်လက်မှတ်ရောင်းချခြင်း(Treasury Bills)

(က) လေလံစနစ်ဖြင့် ရောင်းချခြင်း (Treasury Bills Auction)

(၂၀၁၅ခု၊ ဇန်နဝါရီလမှ လေလံစနစ်ဖြင့် စတင်ရောင်းချခဲ့ပါသည်။)

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ရောင်းချခြင်း

၂။ အစိုးရငွေတိုက်စာချုပ်ရောင်းချခြင်း(Treasury Bonds)

- ဦးစွာအစိုးရငွေတိုက်လက်မှတ်(Treasury Bills)နှင့် အစိုးရငွေတိုက်စာချုပ်(Treasury Bonds)များ ရောင်းချခြင်းဖြင့် ဖြည့်ဆည်းပါသည်။
- အစိုးရငွေတိုက်လက်မှတ်နှင့် အစိုးရငွေတိုက်စာချုပ်များကို ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အများပြည်သူများသို့ ရောင်းချပြီးနောက် ထပ်မံလိုအပ်မှသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ရောင်းချပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အစိုးရငွေတိုက်လက်မှတ်များရောင်းချမှု (မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှအစိုးရကငွေချေးယူမှု)ကို တဖြည်းဖြည်းလျှော့ချသွားရန် ရည်ရွယ်ပါသည်။

**မှတ်ချက်။** အမှန်လိုငွေ ဖြည့်ဆည်းရာတွင် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း (Government Deposit Account) ၏ လိုငွေကို ဖြည့်ဆည်းခြင်းဖြစ်သည်။

# ၂၀၁၁- ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)

| အကြောင်းအရာ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် (အမှန်) | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမှန်) | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမှန်) | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်) | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (မတ်လကုန်ယာယီ) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) |
|---|---|---|---|---|---|---|
| **နှစ်အလိုက်ဈေးနှုန်းအရ** | | | | | | |
| တန်ဖိုး (ကျပ်သန်းပေါင်း) | ၄၆,၃၀၇,၈၈၇.၇ | ၅၁,၂၅၉,၂၆၀.၀ | ၅၈,၀၁၁,၆၂၆.၀ | ၆၅,၂၆၂,၀၉၂.၅ | ၇၂,၇၈၀,၄၆၄.၅ | ၈၄,၁၂၈,၁၂၇.၇ |
| ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) | ၁၆.၄ % | ၁၀.၇ % | ၁၃.၂ % | ၁၂.၅ % | ၁၁.၅ % | ၁၃.၂ % |
| **၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ပုံမှန်ဈေးနှုန်းအရ** | | | | | | |
| တန်ဖိုး (ကျပ်သန်းပေါင်း) | ၄၂,၀၀၀,၈၇၅.၇ | ၄၅,၀၈၀,၆၆၁.၅ | ၄၈,၈၇၉,၁၅၈.၅ | ၅၂,၇၈၅,၂၁၁.၀ | ၅၆,၆၃၅,၃၈၁.၁ | ၆၁,၃၂၆,၃၂၈.၆ |
| တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၅.၆ % | ၇.၃ % | ၈.၄ % | ၈.၀ % | ၇.၃ % | ၇.၈ % |

ဇစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။

## ၂၀၁၁- ၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ ရငွေ၊ သုံးငွေ၊ လိုငွေများနှင့် GDP အချိုး



စီး
ပွား
ရေး
နှင့်
ဘဏ္ဍာ
ရေး
အ
ခြေ
အ
နေ

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်

## ပြည်ထောင်စု၏ အရ၊ အသုံး ခန့်မှန်းခြေများ

- စုစုပေါင်းရငွေခန့်မှန်းခြေ — ကျပ် ၁၆,၉၇၉ ဘီလီယံ
- စုစုပေါင်းအသုံးစရိတ်ခန့်မှန်းခြေ — ကျပ် ၂၀,၂၆၇ ဘီလီယံ
- လိုငွေ — ကျပ် ၃,၂၈၈ ဘီလီယံ
- စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) စီမံကိန်းရည်မှန်းချက် — ကျပ် ၈၄,၁၂၈ ဘီလီယံ
- လိုငွေနှင့် GDP အချိုး — ၃.၉၁ %
- အခွန်အကောက်ရငွေ — ကျပ် ၆,၂၂၀ ဘီလီယံ
- အခွန်အကောက်ရငွေနှင့် GDP အချိုး — ၇.၄ %
- ၂၀၁၆ ခုနှစ်ဇူလိုင်လ ငွေကြေးဖောင်းပွမှုနှုန်း
  - ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း — ၁၂.၁၂%
  - နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း — ၉.၉၄%
- လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(Per Capita GDP) — ကျပ် ၁,၅၈၄,၉၆၁
- ပြည်ပပို့ကုန်တန်ဖိုး — အမေရိကန်ဒေါ်လာ ၁၄,၁၃၀ သန်း
- ပြည်ပသွင်းကုန်တန်ဖိုး — အမေရိကန်ဒေါ်လာ ၁၇,၂၆၅ သန်း
- ကုန်သွယ်မှုလိုငွေ — အမေရိကန်ဒေါ်လာ ၃,၁၃၅ သန်း

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်

## တိုင်းဒေသကြီး/ပြည်နယ်များ၏ အရ၊ အသုံး ခန့်မှန်းခြေများ

- တိုင်းဒေသကြီး/ပြည်နယ်များရငွေ — ကျပ် ၅၆၂ ဘီလီယံ
- ပြည်ထောင်စုမှလိုငွေဖြည့်ဆည်းခြင်းအတွက်ရငွေ — ကျပ် ၁,၆၈၈ ဘီလီယံ
- စုစုပေါင်းရငွေ — ကျပ် ၂,၂၅၀ ဘီလီယံ
- စုစုပေါင်းအသုံးစရိတ် — ကျပ် ၂,၂၅၀ ဘီလီယံ
- အခွန်အကောက်ရငွေ — ကျပ် ၈၅ ဘီလီယံ

## ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် အထိ ပြည်ထောင်စု၏ နှစ်အလိုက်အရအသုံးအခြေအနေ




### ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရငွေရရှိနိုင်မှု ခန့်မှန်းရာခိုင်နှုန်း




### ပြည်ထောင်စု၏ အခွန်အကောက်ရငွေ (ခန့်မှန်းခြေ)



# ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်
# ပြည်ထောင်စု၏ အခွန်အကောက်များကောက်ခံရန် လျာထားချက်

(ကျပ်သန်းပေါင်း)

| စဉ် | | အခွန်အမျိုးအစား | တာဝန်ခံဝန်ကြီးဌာန | ၂၀၁၆-၂၀၁၇ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | | **၂,၄၈၆,၉၃၉.၈၄၇** |
| | ၁ | ယစ်မျိုးခွန်၊ | ပြည်ထဲရေး | ၉၄၀.၃၁၁ |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန်၊ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၁,၆၂၉,၉၂၉.၇၄၅ |
| | ၃ | သွင်းကုန်အတွက်လိုင်စင်ခများ၊ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၅,၇၆၂.၀၀၀ |
| | ၄ | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၃၀,၀၀၀.၀၀၀ |
| | ၅ | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၁၈၁,၄၇၀.၀၀၀ |
| | ၆ | တံဆိပ်ခေါင်းခွန်၊ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၃၇,၇၁၀.၀၀၀ |
| | ၇ | မှတ်ကောင်ဝတ်ဆံသွင်းအခွန်၊ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၄၆၀.၀၀၀ |
